# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 13 , 2023 Volume 67, Number 9

၁၃.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၅၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၉၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် Engineering Export Promotion Council မှ ကြီးမှူးကျင်းပသည့် ကျပ်နှင့်ရူပီးသုံးစွဲမှုအပေါ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်



အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယကုန်သည်ကြီးများအသင်းတို့၏ ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်သည့် BIMSTEC Business Conclave သို့တက်ရောက်ရန် ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော အင်ဂျင်နီယာ ပို့ကုန်မြှင့်တင်ရေးကောင်စီ (Engineering Export Promotion Council–EEPC) မှ ကြီးမှူးကျင်းပသည့် Trade and Investment Opportunities ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ EEPC ဥက္ကဋ္ဌ တာဝန်နှင့် နိုင်ငံခြားရေးရာကုန်သွယ်မှုမူဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ဥက္ကဋ္ဌ Mr. P.K Shah ၊ ဒုတိယဥက္ကဋ္ဌ Mr. AakashShah နှင့် ဒေသတွင်းဆိုင်ရာ ဥက္ကဋ္ဌ Mr. B. D Agarwal အပါအဝင် EEPC မှ တာဝန်ရှိသူများ၊ အိန္ဒိယ ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အလားအလာများ၊ ကျပ်နှင့်ရူပီးများကို နှစ်နိုင်ငံကုန်သွယ်မှုတွင် သုံးစွဲနိုင်ရေး နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ကုန်သည် လုပ်ငန်းရှင်များမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော်လ်ကတ္တားမြို့ရှိ ပြည်ပမှတင်သွင်းသည့် ပဲမျိုးစုံအား တန်ဖိုးမြှင့်တင် ထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်သော ETG Processing Plant သို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%

## FACETS Sri Lanka, International Gem & Jewellery Show 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

FACETS Sri Lanka, International Gem & Jewellery Show 2024 ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်မှ ၈ ရက်အထိ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ရှိ Cinnamon Grand ၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲတွင် ကမ္ဘာတစ်ဝှမ်းရှိ ကျောက်မျက်ရတနာဝယ်ယူသူများအဖွဲ့၊ တစ်ဦးချင်းဝယ်ယူသူများနှင့် ကျောက်မျက် ရတနာ ဝယ်ယူသည့်အဖွဲ့အစည်းများ အားလုံးကိုလည်း သီရိလင်္ကာနိုင်ငံ ကျောက်မျက်ရတနာအသင်းမှ ဖိတ်ကြား ထားသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက် ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%

## မေလတွင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ နှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ကျဆင်းခဲ့ကြောင်း FAO ပြောကြား

ဟင်းသီးဟင်းရွက်ဆီ၊ ကောက်နှံနှင့်နို့ထွက်ပစ္စည်းဈေးများ ကျဆင်းခြင်းသည် သကြားနှင့်အသားဈေးများ ဈေးတက် ခြင်းထက် ပိုများခဲ့သဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာအေဂျင်စီ၏ ကမ္ဘာ့ဈေးနှုန်းညွှန်းကိန်းသည် မေလတွင် နှစ်နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားသည်။

ကမ္ဘာတစ်ဝှမ်းတွင် ရောင်းဝယ်ဖောက်ကားမှု အများဆုံး စားသောက်ကုန်များကို မှတ်တမ်းယူပြီးထုတ်ပြန်သည့် စားနပ် ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization (FAO) ဈေးနှုန်းညွှန်းကိန်းသည် မေလတွင် ပျမ်းမျှအမှတ် ၁၂၄.၃ ရှိပြီး ဧပြီလအတွက် ပြန်လည်ပြင်ဆင်ထားသည့် ၁၂၇.၇ နှင့် နှိုင်းယှဉ်ထားကြောင်း အေဂျင်စီကပြောကြားခဲ့သည်။ ဧပြီလကို မူလက ၁၂၇.၂ ဟု ထုတ်ပြန်ခဲ့သည်။ မေလအညွှန်းကိန်းသည် ၂၀၂၁ ခုနှစ် ဧပြီလနောက်ပိုင်း အနိမ့်ဆုံးဖြစ်သည်။

ယူကရိန်းကို ရုရှားကျူးကျော်မှု စတင်ပြီးနောက် ၂၀၂၂ ခုနှစ် မတ်လတွင် ရောက်ရှိခဲ့သည့် အထွတ်အထိပ်၏ ၂၂% အောက် တွင် ရောက်ရှိနေပါသည်။

FAO ၏ နံ့စားသီးနှံ ဈေးနှုန်းညွှန်းကိန်းသည် မေလတွင် ယခင်လထက် ၅ ရာခိုင်နှုန်းနီးပါး ကျဆင်းသွား သည်။ ယူကရိန်းမှ နံ့စားသီးနှံများ ပင်လယ်နက်ကို ဖြတ်သန်းပြီး သယ်ယူခွင့် သက်တမ်းတိုးပေးထားသဖြင့် ကမ္ဘာ့ဈေးကွက်ထဲ ယူကရိန်းကောက်နှံ အများအပြားရောက်ရှိသဖြင့် ဈေးကျသည်။

ပြည်ပသို့ ဆန်တင်ပို့သည့်နိုင်ငံအချို့တွင် ပြည်တွင်းဈေးကွက်ထဲ ဆန်အရောက်နည်းသဖြင့် မေလတွင် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း FAO ကဆိုသည်။ ယခင်လက FAO သည် ဆန်ဈေးမြင့်တက်သည့်အတွက် စိုးရိမ်မကင်းဖြစ်ကြောင်း ပြောကြားပါသည်။

FAO ၏ ဟင်းသီးဟင်းရွက်ဆီဈေးနှုန်း အညွှန်းကိန်းသည် ယခင်လထက် ၉% ကျဆင်းသည်။ ဆီထွက်သီးနှံ များပြားနေပြီး စားအုန်းဆီ ဝယ်လိုအား လျော့နည်းနေသဖြင့် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများ ကျဆင်းသည်။

ဘရာဇီးနိုင်ငံတွင် ပဲပုပ်သီးနှံဖြစ်ထွန်းမှုနှင့် အမေရိကန်နိုင်ငံတွင် ပဲပုပ်များ မျှော်လင့်ထားသည်ထက် ပိုမိုသိုလှောင်ထားရှိမှုကြောင့် ကမ္ဘာ့ပဲပုပ်ဆီဈေးနှုန်းသည် မေလတွင် ဆဋ္ဌမမြောက်လအနေဖြင့် ဆက်လက်ကျဆင်းခဲ့ကြောင်း၊ အလားတူ မုန်ညှင်းဆီနှင့်နေကြာဆီ ဈေးနှုန်းများမှာလည်း ကမ္ဘာ့ဈေးကွက်တွင် တင်ပို့မှုမြင့်တက်ခဲ့မှုကြောင့် ဆက်လက်၍ အကျဘက်တွင်ရှိခဲ့ကြောင်း FAO က ဆိုသည်။

ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် နို့ထွက်ရှိမှု ရာသီချိန်ကြောင့် နို့အထွက်များသဖြင့် ကမ္ဘာ့နို့ထွက်ပစ္စည်း ဈေးနှုန်းများသည် ၃ ရာခိုင်နှုန်းကျော် လျော့ပါးသွားခဲ့သည်။

သကြားဈေးနှုန်းများသည် ဧပြီလမှာ ၅.၅% တိုးမြင့်လာခဲ့ပြီး လေးလဆက်တိုက် တစ်လထက်တစ်လ ဈေးမြင့်တက်ခဲ့သည်။ အယ်နီညို ရာသီဥတုပုံစံကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုထိခိုက်နိုင်ကြောင်း FAO ကပြောကြားသည်။ သကြားတင်ပို့မှုအဓိကကျသည့် ဘရာဇီးတွင် ရာသီဥတုအခြေအနေများ တိုးတက်ကောင်းမွန်လာခြင်း၊ ရေနံစိမ်းဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် မေလတွင် ကြိုပွိုင့်ဈေးနှုန်း ပြန်ကျဆင်းခဲ့သည်။ ဧပြီလတွင် ၁၂ နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

နှံစားသီးနှံ ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် ထုတ်ပြန်သည့် သီးခြားအစီရင်ခံစာတွင် FAO သည် ယခုနှစ်တွင် ကမ္ဘာ့နှံစားသီးနှံထုတ်လုပ်မှု တန်ချိန် ၂.၈၁၃ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာ့ကောက်ပဲသီးနှံ လက်ကျန်သည် ၂၀၂၃-၂၄ တွင် တန် ၈၇၃ သန်းရှိမည်ဟု ခန့်မှန်းသည်။ ပြောင်း၊ ဆန်နှင့်မုယောစပါး လက်ကျန်ပိုများမည်ဟု ခန့်မှန်းထားသည်။ ဂျုံထုတ်လုပ်မှု ကျဆင်းမည်။ ဝယ်လိုအား ပုံမှန်ဖြစ်မည်ဟု ခန့်မှန်းသည်။

**Source: FAO**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6329-fao.html

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၉ ရက်နေ့ များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၅၀၀၀၀၃၃.၁၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၉၈၈၉၃၀.၉၉ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲနှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၉၂၁၉၉၂.၁၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၂၀၇၈၀၄၁.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၇၁၀၇၅.၇၁ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၁၇၈၅၅.၂၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄.၁၁ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဗဟိုဌာန**

## မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူလာစေရန် ဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်ကုမ္ပဏီ ရှစ်ခုတို့ သီးခြားတွေ့ဆုံ

မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူလာစေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုတို့ သီးခြားတွေ့ဆုံခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဖိလစ်ပိုင်ခရီးစဉ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး မြန်မာ့ဆန်နှင့်ဆန်ကွဲအပါအဝင် ပဲတီစိမ်း၊ ပြောင်းများကိုဝယ်ယူနေသည့် ဖိလစ်ပိုင်ကုမ္ပဏီရှစ်ခုနှင့် သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းခရီးစဉ်ကို ဇွန် ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာသွားရောက်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်ကုမ္ပဏီများနှင့် ကုန်သွယ်မှု အခွင့်အလမ်းများတိုးမြှင့်နိုင်ရန်၊ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များကြား ရင်းနှီးခင်မင်မှုတိုးပွားစေရန်၊ အဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ်ရေးတိုးမြှင့်ရန်နှင့် ဈေးကွက်သတင်းအချက်အလက်များဖလှယ်နိုင်ရန် အဓိကရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (DTI) လက်အောက်ရှိ ဖိလစ်ပိုင် နိုင်ငံတကာ ကုန်သွယ်ရေးကော်ပိုရေးရှင်း (PITC)၏ President & CEO USEC Emmie Liza Perez-Chiong DMD နှင့်တွေ့ဆုံ၍လည်း PITC နှင့် MRF တို့အကြား ပူးပေါင်းဆောင်ရွက်မည့် Memorandum of Agreement(MOA) ကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာအဖွဲ့သည်အဆိုပါ ခရီးစဉ်အတွင်း ဖိလစ်ပိုင်ကုန်သည်/ စက်မှုအသင်းချုပ် (PCCI) ဥက္ကဋ္ဌ ဖြစ်သူ Mr. George Barcelon နှင့် ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်းရှင်များအား မနီလာမြို့ PCCI Head Office တွင် သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့ဝင်များ ဖြစ်သည့်အားလျော်စွာ အာဆီယံ စီးပွားရေးရပ်ဝန်းအတွင်း နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)က သတင်းထုတ်ပြန်ထားသည်။

**Source:** https://t.me/sdtimedaily

## 2023 ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံအဆင့်၌ ယူအေအီးနိုင်ငံသည် အဆင့် ၄ နေရာသို့ ရောက်ရှိလာ

ပြီးခဲ့သည့်နှစ် မေလတွင် အိန္ဒိယနိုင်ငံနှင့် ဘက်စုံလွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ယူအေအီးနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ စတုတ္ထအများဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သည့်နိုင်ငံ ဖြစ်လာသည်ဟု အစိုးရကထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရှိရကြောင်း Economic Times သတင်းစာက ဖော်ပြထားပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံတွင် ယူအေအီးနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၁.၀၃ ဘီလီယံနှင့် အဆင့် ၇ နေရာတွင်ရှိရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၃၅ ဘီလီယံအထိ ၃ ဆ တိုးတက်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆင့် ၄ နေရာသို့ ရောက်ရှိလာသည်ဟု ပြည်တွင်းကုန်သွယ်မှုနှင့်စက်မှုကဏ္ဍ မြှင့်တင်ရေးဌာန၏ အချက်အလက်များအရ သိရှိရပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံမှာ စင်္ကာပူနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၇.၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပါကြောင်း၊ ဒုတိယနှင့်တတိယ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများမှာ မော်ရေးရှနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆.၁ ဘီလီယံနှင့် ၆ ဘီလီယံ အသီးသီး ရင်းနှီးမြှုပ်နှံထားကြကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အလျင်အမြန် အားကောင်းလာခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာလာစေပြီး ယူအေအီးနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေမည်ဖြစ်ပါကြောင်းနှင့်

နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်ချောမွေ့မှုရှိစေရေး မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖြစ်စေမည်ဖြစ်ကြောင်း Shard Amarchand Mangaldas & Co, ၏စီးပွားဖက်ဖြစ်သူ Rudra Kumar Pandey က ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံတွင် ယူအေအီးနိုင်ငံမှ အဓိကရင်းနှီးမြှုပ်နှံသည့် ကဏ္ဍများမှာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရေကြောင်းသယ်ယူပို့ဆောင်မှု၊ လျှပ်စစ်စွမ်းအင်နှင့်ဆောက်လုပ်ရေးကဏ္ဍများတွင်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရသည့် အဓိကအကြောင်းအရင်းမှာ နှစ်နိုင်ငံအကြား ၂၀၂၂ ခုနှစ် မေလတွင် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အခြားသောအကြောင်းအရင်းတစ်ခုမှာ ယူအေအီးနိုင်ငံ၏ အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကတိကဝတ်ပြုထားမှုဖြစ်ပါကြောင်း၊ ယူအေအီးနိုင်ငံမှ အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ကာလတစ်ခုအတွင်း အမေရိကန်ဒေါ်လာ ၇၅ သန်းအထိ ရင်းနှီးမြှုပ်နှံမှုပြုရန် ကတိပြုထားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားသည်ဟု Pandey က ပြောကြားထားပါသည်။

အိန္ဒိယနှင့် ယူအေအီးနှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အောက်တွင် များစွာသော နှစ်နိုင်ငံကုန်စည်အမျိုးအစားများကို အခွန်ကောက်ခံမှု သုညရာခိုင်နှုန်းထိ ဖြေလျှော့ပေးထားသကဲ့သို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ဆောင်ရွက်ပေးထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒ အဆက်မပြတ်ဖြေလျှော့ပေးမှုများသည်လည်း ရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်သူများစွာသည် ယူအေအီးနိုင်ငံတွင် ဈေးကွက်ချဲ့ထိုးဖောက်ဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအထောက်အကူပြုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Abu Dhabi Investment Office သည် ၎င်း၏တီထွင်ဆန်းသစ်မှုအစီအစဉ်အောက်မှ တီထွင်ဆန်းသစ်မှုအခြေပြုလုပ်ငန်းအသစ်များကို ငွေကြေးဆိုင်ရာအကူအညီများနှင့်အချက်အလက်များ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊ လိုင်စင်ကိစ္စရပ်များ၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးနှင့် ဗီဇာကဲ့သို့သောဝန်ဆောင်မှုများကို ကူညီထောက်ပံ့ပေးလျက်ရှိသည်ဟု IndusLaw ၏ စီးပွားဖက်ဖြစ်သူ Anindya Ghosh က ပြောကြားထားပါသည်။

ထိုကဲ့သို့ အိန္ဒိယနိုင်ငံမှ ဈေးကွက်ထိုးဖောက်ရေးဆောင်ရွက်ချက်များသည် ယူအေအီးနိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများနှင့် နည်းပညာအခြေပြုလုပ်ငန်းငယ်များကို အိန္ဒိယနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: UAE emerges as fourth largest investor in India in FY23, The Economic Times, June 11, 2023**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2012062023%2012:%2052

## အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး

နှစ် ၅၀ ပြည့် အာဆီယံ-ဂျပန်သံတမန်ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးလျက်ရှိပြီး၊ ၂၀၂၃ ခုနှစ် ဇွန်လ ၅ ရက်နေ့၌ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် ဖိုရမ်တွင် Japan External Trade Organization (JETRO) နှင့်အခြားသော အဖွဲ့အစည်းများအနေဖြင့် ပေါ်ထွန်းစလုပ်ငန်းသစ်များ တည်ထောင်နိုင်ရေးကို ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကာဗွန်ကင်းစင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထောက်ပံ့ခြင်းများနှင့် ချေးငွေများချေးယူခွင့်ပြုနိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည့် Trade Insurance Organization နှင့် MUFG Bank ပါဝင်သည့် အဖွဲ့တစ်ခုကို ထူထောင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားပြီး အာဆီယံအနေဖြင့် တဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုများ ရရှိလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအားသာချက်များကို အသုံးပြုခြင်းဖြင့် ယုံကြည်မှုနှင့်အပြန်အလှန် အကျိုးဖြစ်ထွန်းမှုကိုအခြေခံကာ အာဆီယံနိုင်ငံများ၏ ရည်မှန်းချက်များဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Nishimura Yasutoshi က ပြောကြားထားပါသည်။

အာဆီယံ ၁၀ နိုင်ငံစုစုပေါင်းသည် ကမ္ဘာ့ကုန်သွယ်မှုနှင့်လူဦးရေ၏ ၈ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ အာဆီယံ-ဂျပန်ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးအတွက် နှစ်(၅၀)ပြည့်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် အထူးထိပ်သီးအစည်းအဝေး(Special Summit)ကို ယခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အာဆီယံဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များအား ဖိတ်ကြားသွားရန် စီစဉ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source : NHK World Japan (5-6-2023)**

**(စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2012062023%2013:%2000

## STOCK EXCHANGE (13.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,925 (Shares) | 54,833,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | +0 | +0.00% | 8,000 | 8,000 | 7,900 | 1,232 | 9,737,500 | 33,109,694 | 261,567 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 5,466 | 15,598,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +100 | +1.41% | 7,200 | 7,200 | 7,200 | 29 | 208,800 | 10,400,986 | 74,887 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 20,197 | 29,285,650 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 13th Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.11 | +0.22 | +0.06% | 355.51 | 355.51 | 353.11 | 26,925 | 54,833,100 | 7 | 622,215 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 26,925 (Shares) | 54,833,100 (MMK) |

### Main Board

As of 1:00 pm, 13th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,925 (Shares) | 54,833,100 (MMK) |

| MYANPIX | 353.11 ▲ 0.22 |
|---|---|
| Total Volume (shares) | 26,925 |
| Total Value (MMK) | 55 mil |
| Listed Company | 7 |
| Market Cap. (MMK) | 622,215 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 100 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR